EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၁)၊ အမှတ်-၂ | လစဉ်သတင်းလွှာ | ဇူလိုင် ၁၀ ရက်၊ ၂၀၁၉

# အမျိုးသမီးများပါဝင်မှု ကန့်သတ်မှုတွေရှိနေဆဲ မြန်မာ့နိုင်ငံရေး



ဓာတ်ပုံ-ပြည်ထောင်စုလွှတ်တော်ဝက်ဘ်ဆိုက်

**ဇွန် ၃၊ ၂၀၁၉**

မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် အမျိုးသမီးများ ပါဝင်ပတ်သက်မှုသည် အကန့်အသတ်များစွာရှိနေဆဲဖြစ်ပြီး အမျိုးသားအုပ်ချုပ်ကြီးစိုးသော လူ့အဖွဲ့အစည်းကို တွန်းလှန်ဖို့ အားနည်းနေဆဲ ဖြစ်သည်။

မြန်မာ့လူဦးရေ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ပြီး မျက်မှောက်ခေတ်ကာလတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ လှုပ်ရှားလျက်ရှိကြသည်။ အမျိုးသားများနည်းတူ စွမ်းဆောင်ရည်များလည်း ရှိကြသည်။ သို့သော်လည်း ဆုံးဖြတ်ခွင့်အာဏာရရှိသူနေရာသည် အမျိုးသားများအတွက်သာ အများစုဖြစ်နေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတိုင်းတွင် အမျိုးသမီးများ ဦးဆောင်မှု၊ ပါဝင်ပတ်သက်မှုအတွက် အကန့်အသတ်များ ရှိနေဆဲဖြစ်သည်။ ကျား-မ တန်းတူညီမျှမှု အားနည်းနေဆဲ ဖြစ်သည်။

## အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ခလေ့ထုံးစံ

ရှေးအစဉ်အဆက်တည်းကရှိခဲ့တဲ့ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုခလေ့ထုံးစံ

ဤလစဉ်သတင်းလွှာကို အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC) ၏ ကူညီထောက်ပံ့မှုဖြင့် ထုတ်ဝေပါသည်။ သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

၀၉-၄၂၀၀၀၆၁၁၃ | info@emref.org | www.emref.org | www.facebook.com/emrefmyanmar



တွေက ကျား-မ တန်းတူအခွင့်အရေးပေးဖို့ တစာစာတောင်းဆိုနေတဲ့ အသံတွေအပေါ် လွှမ်းမိုးထားဆဲအခြေအနေတွင် ရှိနေသည်။ ရှေးခေတ်အခါက သားယောကျ်ားလေးနှင့် သမီးမိန်းကလေးမွေးထားသော မိသားစုတွင် သားယောကျ်ားလေးသာ ပညာသင်ယူခွင့်ရရှိသည်။ သမီးမိန်းကလေးသည် အိမ်တွင် အချက်အပြုတ် တာဝန်ယူရသည်။ အချိန်တန် အိမ်ထောင်ပြုသောအချိန်တွင် လင်ယောကျ်ားအတွက်၊ သားသမီးအတွက် အချက်အပြုတ်၊ ဝေယျာဝစ္စ ဆက်လက်လုပ်ကိုင်ရသည်။ " သားကိုသခင်၊ လင်ကိုဘုရား" သဘောထားမှ မိန်းမကောင်းဖြစ်သည်ဆိုသည့်စကားပုံ လွဲမှားသော အယူအဆများကလည်း အမျိုးသမီးခွဲခြားဆက်ဆံခံရမှုအပေါ် သက်ရောက်မှုများစွာ ရှိနေသည်။

အထူးသဖြင့် မြန်မာနိုင်ငံလို ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွေ အလေးထားသည့် နိုင်ငံမျိုးတွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု၊ နေရာမပေးလိုမှုက ပိုများသည်ဟုထင်မှတ်နိုင်သည်။ ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်မြန်မာနိုင်ငံတွင် မြတ်စွာဘုရားရှင်တားမြစ်ထားခြင်းမရှိသည့် စေတီပုထိုးပေါ်ရှိနေရာတချို့တွင် "အမျိုးသမီးများ မဝင်ရ" "အမျိုးသမီးများ မတက်ရ" စသည့် ဆိုင်းဘုတ်မျိုး များစွာမြင်တွေ့နိုင်သည်။ ဘာသာရေးတွင်လည်း ယင်းကဲ့သို့ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ရှိနေသည်။ အမျိုးသားများသာ ဘုန်းကံမြင့်သည်၊ အမျိုးသားများသာ မြင့်မြတ်သည် စသည့်အယူအဆ

> “ သားကို သခင်၊ လင်ကို ဘုရား” သဘောထားမှ မိန်းမကောင်းဖြစ်သည် ဆိုသည့် စကားပုံ လွဲမှားသော အယူအဆ များကလည်း အမျိုးသမီး ခွဲခြားဆက်ဆံခံရမှုအပေါ် သက်ရောက်မှုများစွာ ရှိနေသည်။

များ အရိုးစွဲလာသည့်အခါ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုက တရားမျှတသည့်အသွင်ဖြစ်နေသည်။ အများကလက်ခံသည့် အမှန်အတရားတခုအဖြစ် မည်သူမျှ မတွန်းလှန်ကြ၊ တွန်းလှန်ဖို့လည်း အားမထုတ်နိုင်ကြပဲ ရှိနေသည်။

မျက်မှောက်ခေတ်ကာလတွင်တော့ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း လှုပ်ရှားလာကြသည်။ သို့ပေမယ့် အထက်တွင်ဆိုခဲ့သလို အဖွဲ့အစည်းအများစုတွင် ဆုံးဖြတ်ခွင့်အာဏာရရှိသူနေရာသည် အမျိုးသားများအတွက်သာ ဖြစ်နေသည်။ အမျိုးသမီးက အမျိုးသားများနှင့်တန်းတူ ပညာပြည့်ဝ အလုပ်လုပ်ကိုင်လာနိုင်ပေမယ့် အမျိုးသမီးများသည် အမျိုးသားများ၏ ထောက်ပံ့ပေးသူနေရာတွင်သာ ရှိနေသည်။ အာဏာအုပ်စိုးခွင့်က အမျိုးသားများအတွက်သာ သီးသန့်ဖြစ်သည်။

### အမျိုးသမီးများနှင့် နိုင်ငံရေးကဏ္ဍ

ထို့အတူ မျက်မှောက်ခေတ် နိုင်ငံရေးနယ်ပယ်တွင်လည်း အမျိုးသမီးပါဝင်မှုရှိလာ



ဓာတ်ပုံ-ပြည်ထောင်စုလွှတ်တော်ဝက်ဘ်ဆိုက်

ပေမယ့် အလွန်နည်းသော ပမာဏတွင်ပဲရှိနေသည်။ ယခုဝေဖန်မှုများစွာနှင့် ပြင်ဆင်ဖို့ကြိုးစားနေသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေထွက်ပေါ်လာဖို့ အခြေခံသည့် ၁၉၉၃ ခုနှစ် စစ်အစိုးရလက်ထက်က ကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင် ပြည်သူ့ကိုယ်စားပြုမှုရှိသော စစ်အစိုးရရွေးချယ်ထားသော အမျိုးသမီး ၅ ရာခိုင်နှုန်းသာ ပါဝင်ခဲ့သည်။ စစ်အုပ်ချုပ်ရေးမှ အရပ်သားအစိုးရ အုပ်ချုပ်ရေးသို့ကူးပြောင်းခဲ့သည့် ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးပါဝင်နှုန်း အနည်းငယ် တိုးတက်လာသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာတော့ အမျိုးသမီးကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်မှုသည် ယခင်နှင့်ယှဉ်ရင် ရွေးကောက်ခံ အမျိုးသမီးကိုယ်စားလှယ် နှစ်ဆကျော် မြင့်တက်လာသည်ဟု သုတေသနစာတမ်းများအရ သိရသည်။ သို့သော်လည်း အုပ်ချုပ်ရေးကဏ္ဍတွင် ကျား-မ တန်းတူညီမျှရေးကွာဟချက် မြင့်မားနေဆဲဖြစ်သည်။ ပြည်ထောင်စုအဆင့် ဝန်ကြီး ၂၄ ဦးအနက် အမျိုးသမီးဝန်ကြီး ၁ ဦး၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဝန်ကြီး ၁၃၃ ဦးအနက် အမျိုးသမီးဝန်ကြီး ၁၀ ဦး၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးမှူး ၃၃၀ ဦးအနက် အမျိုးသမီးအုပ်ချုပ်ရေးမှူး ၂ ဦးနှင့် ရပ်ကျေးအဆင့် အထွေထွေအုပ်ချုပ်ရေးမှူး ၁၆,၈၂၉ ဦးအနက် အမျိုးသမီးအုပ်ချုပ်ရေးမှူး ၁၀၁ ဦးသာ အမျိုးသမီးပါဝင်မှုရှိသည်ဟု SheLeads မြန်မာ၏သုသေသနစာတမ်းအရ သိရသည်။ ဒေါ်အောင်ဆန်းစုကြည် တစ်ဦးတည်းသာပင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် နိုင်ငံ၏ အမျိုးသမီးအကြီးအကဲအဖြစ် တာဝန်ယူထားသည်။

## ကျား-မရေးရာ မညီမျှမှုတွေနဲ့ အုပ်ချုပ်ရေးကဏ္ဍ

အုပ်ချုပ်ရေး၊ လွှတ်တော်ရေးရာကဏ္ဍမှာ ကျား-မ တန်းတူညီမျှမှုမရှိသောကြောင့် ဥပဒေ၊ မူဝါဒများရေးဆွဲအတည်ပြုရာတွင် တရားမျှတမှုမရှိဘဲ ဖြစ်နေသည်။ အမျိုးသမီးများအသံ ပျောက်နေသည်။ ကျား-မ စုံညီနေထိုင်သော လူ့အဖွဲ့အစည်းအတွက် ရည်ရွယ်ရေးဆွဲသော ဥပဒေ၊ မူဝါဒများအတွက် ကျား-မ တန်းတူ ပါဝင်ဆွေးနွေးမှု လိုအပ်ပေသည်။ အမျိုးသားများ တင်သွင်းသောအဆိုများကို အမျိုးသားများက ဆွေးနွေးပြီး အမျိုးသားများက ဆုံးဖြတ်နေလျှင်




အမျိုးသမီးတွေ အမှန်တကယ် လိုချင်နေသည့် အကြောင်းအရာများ ပါဝင်မည်မဟုတ်သလို အမျိုးသမီးအတွက်လည်း ကိုယ်စားပြုမည် မဟုတ်ပေ။

## အမျိုးသားများအုပ်ချုပ်သော လူ့အဖွဲ့အစည်းကို ပြောင်းလဲဖို့လိုအပ်

ရှေးအစဉ်အဆက်ကရှိခဲ့သည့် ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အမျိုးသားများအုပ်ချုပ်သော လူ့အဖွဲ့အစည်းကို ပြောင်းလဲရန်လိုအပ်နေပြီ ဖြစ်သည်။ မြန်မာအမျိုးသမီးများသည် ၁၉၃၅ ခုနှစ်တည်းက မဲပေးခွင့်ရရှိခဲ့ပြီး အာရှဒေသ၏အစောဆုံးနိုင်ငံတစ်ခုဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံးပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ်ကို လက်မှတ်ထိုးသော အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည်။ လူ့အဖွဲ့အစည်းအလွှာအားလုံး၏ အုပ်ချုပ်စီမံရေးတွင် အမျိုးသမီးများ တန်းတူညီမျှ ပါဝင်စေရေး၊ ခေါင်းဆောင်မှုကဏ္ဍမှ ပါဝင်စေရေးကို အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) တွင် အဓိကဦးစားပေးအဖြစ် ထည့်သွင်းထားသည်။ ခွဲခြားဆက်ဆံခံရဆဲဖြစ်သည့် အမျိုးသမီးအခွင့်အရေး အပြည့်အဝရရှိရန် ကဏ္ဍအသီးသီးတွင် အမျိုးသမီးပါဝင်မှု အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရန် ဆောင်ရွက်


ဓာတ်ပုံ-ပြည်ထောင်စုလွှတ်တော်ဝက်ဘ်ဆိုက်

သွားမည်ဟု ၂၀၁၉၊ မတ်လ ၈ ရက်နေ့က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားခဲ့သည်။

အမျိုးသမီးများ၏အသံ များများကြားရဖို့၊ နိုင်ငံရေးမှာ အမျိုးသမီးများ ပိုမိုပါဝင်လာဖို့ အားပေးမှုများလည်း လိုအပ်နေသည်။ နိုင်ငံရေးပါတီများအနေနှင့်လည်း အမျိုးသမီးပါတီဝင်များကို နေရာပေးဖို့လိုအပ်နေပြီး ခွဲခြားဆက်ဆံမှုများမရှိဖို့ လိုအပ်နေသည်။ အမျိုးသမီးများ အနေနှင့်လည်း စွမ်းဆောင်ရည် မြင့်မားလာဖို့၊ တက်တက်ကြွကြွ ရှေ့တန်းက ဦးဆောင်ပါဝင်လာဖို့ လိုအပ်သည်။ လာမည့် ၂၀၂၀ရွေးကောက်ပွဲတွင် အမျိုးသမီးများပိုမိုပါဝင်နိုင်လျှင် စစ်မှန်သည့် ဒီမိုကရေစီခရီးလျှောက်လမ်းရာမှာ အထောက်အကူပြုပေလိမ့်မည် ဖြစ်သည်။

**ရွှေလေး**

# ကျား-မတန်းတူရေး ဖော်ဆောင်ရန် NSPAW သတ်မှတ်ချက်များ ဝေဝါးနေဟု သုတေသနစာတမ်းဆို

**ဇွန် ၃၊ ၂၀၁၉**

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (NSPAW) သည် ရည်မှန်းချက်ကြီးမားသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အဓိပ္ပာယ်ပြည့်ဝသည့် အကဲဖြတ်သုံးသပ်ရန် စံချိန်စံနှုန်းသတ်မှတ်ချက်များ ရှင်းလင်းတိကျစွာ လမ်းညွှန်ထားခြင်းမရှိဘဲ ဝေဝါးနေသည်ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (Women's League of Burma) ၏ သုံးသပ်ချက် စာတမ်းအရ သိရသည်။

ယင်းစီမံကိန်းကိုအစိုးရက ၂၀၁၃ခုနှစ်တွင်စတင်အကောင်အထည်ဖော်ခဲ့ပြီး အမျိုးသမီးများ၏ လူ့အခွင့်အရေးများ ကာကွယ်မြှင့်တင်ရန်ခံယူချက်များကို ပုံဖော်ထား၍ 'ခြုံငုံပြည့်စုံသည်' ဟု ကြွေးကြော်ထားသည့် (၁၀) နှစ်စာ အမျိုးသားအဆင့်စီမံကိန်းဖြစ်သည်။ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အမျိုးသမီးများ၏တန်းတူရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက လုပ်ငန်းနယ်ပယ် (၁၂) အကောင်အထည်ဖော်မည့်စီမံကိန်းဖြစ်သည်။

သုံးသပ်ချက်စာတမ်းတွင် NSPAW ၏ အဓိကအခြေခံပြဿနာ (၃) ခုကို ဖော်ပြထားပြီး အကြံပြုချက်များလည်း ပါဝင်သည်။ အခြေခံပြဿနာ (၃) ခုတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် မှီငြမ်းကိုးကားထားသည့် NSPAW ၏ ပြဿနာများ ၊ အကောင်အထည်ဖော်မှုနှင့် တာဝန်ခံမှုဆိုင်ရာ NSPAW ၏ ပြဿနာများ၊ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ NSPAW ၏ အသေးစိတ်ပြဿနာများဟူ၍ ပါဝင်သည်။

NSPAW သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဆယ်စုနှစ်များစွာသော ပြည်တွင်းစစ်ပဋိပက္ခ၊ တပ်မတော်၏ အာဏာ ဆက်လက်လွှမ်းမိုးနေမှုနှင့် ခေတ်နှင့် လိုက်လျောညီထွေမှုမရှိတော့သော ဥပဒေများနှင့် တရားဥပဒေဆိုင်ရာ မူဘောင်များအပါအဝင် ကျား-မတန်းတူရေးဖော်ဆောင်မှုကို နှောင့်ယှက်ဟန့်တားနေသည့် အတားအဆီးများအား ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်နေသည်ကို သုံးသပ်ထားသည်။ ထို့အပြင် NSPAW သည် မြန်မာနိုင်ငံ၏ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ပြည်တွင်းရှိ ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေး ကတိကဝတ်များကို နှုတ်ဖြင့်သာ တာဝန်ယူခြင်း ဖြင့် ကျား-မ တန်းတူညီမျှမှုမရှိခြင်းကို ဆက်လက်ရှင်သန်စေသည့် ပွင့်လင်းမြင်သာမှုမရှိသည့် စာရွက်စာတမ်းတစ်ခုသာ ဖြစ်နေသည်ဟုလည်း စာတမ်းတွင် သုံးသပ်ထားသည်။

ယင်းစာတမ်းကို အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) (Women's League of Burma) နှင့် အမေရိကန်နိုင်ငံ Fordham တက္ကသိုလ်၊ ဥပဒေ ကျောင်း၏ သုတေသန၊ စည်းရုံးလှုံ့ဆော်ရေး၊ ပညာရေးဆိုင်ရာ စင်တာတစ်ရပ်ဖြစ်သည့် နိုင်ငံတကာဥပဒေနှင့် တရားမျှတရေးဆိုင်ရာ Leitner Center for International law and Justice တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ၂၀၀၈ ခုနှစ်ကစပြီး သုံးသပ်လေ့လာပြီး တွေ့ရှိချက်များကို ၂၀၁၉ ခုနှစ်၊ မေလ (၂၁) ရက်နေ့က သုံးသပ်ချက်စာတမ်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ **ရွှေလေး**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကြမ်း အမှန်တကယ်ထွက်ပေါ်လာရန် နီးကပ်လာပြီလား

**ဇွန် ၅၊ ၂၀၁၉**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း) ကြန့်ကြာနေသော်လည်း မကြာမီ အတည်ပြု ပြဋ္ဌာန်းနိုင်ရေး ကြိုးစားနေသည်ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက "မကြာမီထွက်ပေါ်လာဖို့ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ အားလုံးမျှော်လင့်စောင့်စားနေတဲ့ ဥပဒေဖြစ်တဲ့အတွက် ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်ရာမှာ နှောင့်နှေးကြန့်ကြာမှု မရှိစေဖို့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါ"ဟု တိုက်တွန်းပြောကြားခဲ့သည်။

ဇွန်လ (၃)ရက်နေ့က နေပြည်တော်တွင် ပြုလုပ်သည့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်ခြင်းလုပ်ငန်းစဉ် (Universal Periodic Review)၏ အကြံပြုတိုက်တွန်းချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ (မူကြမ်း)နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များနှင့် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီမှ ချမှတ်ထားသော မူဝါဒ (၄) ရပ်အနက် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှကြိုတင်ကာကွယ်ရန်နှင့် စောင့်ရှောက်မှုများပေးရန်ဆိုသည့်အချက်ပါဝင်ပြီး အဆိုပါမူဝါဒကို အကောင်အထည်ဖော်နိုင်ရန်နှင့် အမျိုးသမီးများနှင့် ငယ်ရွယ်သူအမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများမှ ထိရောက်စွာကာကွယ်ပေးနိုင်ရန်အတွက် ၎င်းဥပဒေ(မူကြမ်း)ကို ရေးဆွဲခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ဥပဒေ(မူကြမ်း)ကို လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့တင်ပြခဲ့ပြီး ကော်မတီ၏သဘောထားမှတ်ချက်နှင့်အညီ ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

အဆိုပါဥပဒေမူကြမ်းကို ယခင်အစိုးရလက်ထက် ၂၀၁၃ ခုနစ်က အမျိုးသမီးအဖွဲ့အစည်းများ စုပေါင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနစ်တွင် လက်ရှိအစိုးရ၏ မူဝါဒနှင့်အညီပြင်ဆင်ရန် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးရုံးသို့ ပြန်လည်ပေးပို့ခဲ့ခြင်းဖြစ်သည်။ **ရွှေလေး**

# မြန်မာနိုင်ငံ၏ ငါးယောက်မြောက် အမျိုးသမီး သံအမတ်

**ဇွန် ၁၀၊ ၂၀၁၉**

ချက်သမ္မတနိုင်ငံမှာ ပြန်လည်ဖွင့်လှစ်မည့် မြန်မာနိုင်ငံသံရုံးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးကို အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသည့် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ကြောင်း ဇွန်လ ၆ ရက်နေ့တွင် အစိုးရက ထုတ်ပြန်ကြေညာလိုက်သည်။

ဒေါ်ကေသီစိုးသည် ၁၉၉၀ခုနှစ်က နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တတိယအတွင်းဝန်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် နိုင်ငံရေးရာဦးစီးဌာန၏ ဥရောပဌာနခွဲ ညွှန်ကြားရေးမှူး၊ အီတလီနိုင်ငံ မြန်မာသံမှူးကြီးရာထူးများကိုလည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည်ဟု သိရသည်။

ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည့် ဒေါ်ကေသီစိုးသည် မြန်မာနိုင်ငံ၏ ငါးယောက်မြောက် အမျိုးသမီးသံအမတ်ကြီးဖြစ်ပြီး ယခင်က မြန်မာအမျိုးသမီး သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများကတော့ ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်



ဒေါ်အောင်ဆန်းစုကြည်၏မိခင် ဒေါ်ခင်ကြည်(အိန္ဒိယ)၊ ဒေါ်ယဉ်ယဉ်မြင့် (ဂျာမနီ)၊ ဒေါ်မော်မော် (နော်ဝေ)နှင့် ဒေါ်အိအိခင်ဇ (အင်ဒိုနီးရှား) တို့ ဖြစ်သည်။

# ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် (၂) နှစ်အောက် ကလေးငယ်များအတွက် ချေးငွေယူ၍ ထောက်ပံ့ကြေးပေးမည့်အစီအစဉ် လွှတ်တော်တွင် ဆွေးနွေး

**ဇွန် ၆၊၂၀၁၉**

ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် (၂) နှစ်အောက် ကလေးငယ်များကိုထောက်ပံ့ရန် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန် ဒေါ်လာ သန်း (၁၀၀) ချေးယူမည့်အစီအစဉ်နှင့် ပတ်သက်ပြီး ဇွန်လ (၄) ရက်နေ့က ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ဆွေးနွေးခဲ့သည်။

ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးကောင်းမွန်ရန်နှင့် မွေးဖွားလာသည့် ကလေးငယ်များ အာဟာရပြည့်ဝပြီး ဉာဏ်ရည်ဖွံ့ဖြိုးရန် ကိုယ်ဝန်ဆောင်နှင့် အသက် (၂) နှစ်အောက်ကလေးငယ်များကို တစ်လလျှင် ကျပ်တစ်သောင်းခွဲနှုန်းစီ ထောက်ပံ့မည့်အစီအစဉ်ဖြစ်ပါသည်။ ၎င်းအစီအစဉ်ကို ၂၀၁၆ ကတည်းက စတင်လုပ်ဆောင်ခဲ့ပြီး ရခိုင်၊ ချင်း၊ ကရင်၊ ကယားပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ထောက်ပံ့ပေးနေသည်။ အခြားသော ပြည်နယ်နှင့်တိုင်းများတွင် ဆက်လက်ထောက်ပံ့မည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

မြောင်းမြမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိုးမိုးသူက "ဧရာဝတီတိုင်းရဲ့ ငါးနှစ်အောက်ကလေး ပုညက်မှုနှုန်းဟာ ၃၇.၂၀ ရာခိုင်နှုန်းရှိပြီး အခြားတိုင်းဒေသကြီးတွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အမြင့်မားဆုံးနဲ့ အဆိုးရွားဆုံးဖြစ်နေတာတွေ့ရပါတယ်။ ဒီအခြေအနေကို အမြန်ဆုံးကုစားဖို့လိုအပ်နေပြီး အထိရောက်ဆုံးနည်းလမ်းကတော့ ခုကိုယ်ဝန်ဆောင်မိခင်နဲ့ အသက်(၂)နှစ်အောက် ကလေးငယ်တွေကို ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်ပဲဖြစ်ပါတယ်။ ဒီအစီအစဉ်က သုတေသနရလဒ်တွေအရလည်း cost effective အဖြစ်ဆုံးနည်းလမ်း ဖြစ်ပါတယ်"ဟု ထောက်ခံဆွေးနွေးခဲ့သည်။

ယင်းအစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ် အများစုထောက်ခံဆွေးနွေးခဲ့ကြပြီး ထောက်ပံ့ကြေးပေးရာတွင် လေလွင့်မှုမရှိဘဲ ထိရောက်မှုရှိစေရန် အကြံပြုဆွေးနွေးခဲ့ကြ သည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်းက "ဒေါ်လာသန်း (၁၀၀) ချေးပြီးလုပ်ရမှာရယ် အတိုးနဲ့ဝန်ဆောင်မှုက ၂ ရာခိုင်နှုန်းကျမှာရယ်ကြောင့် အတိုးနှုန်းကြီးတဲ့အတွက် ဒီလိုငွေချေးပြီးလုပ်ရတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်နေရတဲ့ ဝန်ကြီးဌာနတွေအနေနဲ့ အလေအလွင့် အဖိတ်အစင်မရှိအောင် အပြည့်အဝအကျိုးရှိအောင် လုပ်စေချင်ပါတယ်"ဟု ဆွေးနွေးခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့သော ထောက်ပံ့ကြေးကို လျှောက်ထားလိုသည့် ကိုယ်ဝန်ဆောင်နှင့် ကလေးများအနေဖြင့် မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့အပါအဝင် ဆေးကုသမှုမှတ်တမ်း၊ ကလေးမွေးစာရင်းတို့ဖြင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် လျှောက်ထားနိုင်သည်။

**ရွှေလေး**


ဓာတ်ပုံ-www.britannica.com

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"အမျိုးသမီးတွေက
လက်ဖက်ခြောက်အိတ်ငယ်လေးတွေနဲ့တူတယ်၊
ရေပူထဲရောက်သည့်တိုင်အောင်
သူတို့ ဘယ်လောက်သန်မာလဲ
ဘယ်လိုမှ မသိနိုင်ဘူး"

------ Eleanor Roosevelt


# မြန်မာ့ရုပ်ရှင်လောက၏ ကျား-မဆိုင်ရာ အသိအမြင်နိုးကြားမှုများစွာပြောင်းလဲရန် လိုအပ်နေ

**ဇွန် ၁၄၊ ၂၀၁၉**

မြန်မာ့ရုပ်ရှင်လောကအနေဖြင့် ကျား-မရေးရာကိစ္စရပ်များနှင့်ပတ်သက်လျှင် လွန်ခဲ့တဲ့ ဆယ်စုနှစ်ကကျင့်သုံးခဲ့သည့် ပုံစံခွက်အမြင်မှာ မပြောင်းလဲသေးသည့်အတွက် အသိအမြင် ပိုမိုပြောင်းလဲတိုးတက်ရန် လိုအပ်နေသည်ဟု မြန်မာ့ရုပ်ရှင်လောက၏ ကျား-မဆိုင်ရာ အသိအမြင်နိုးကြားမှု စစ်တမ်းအရ သိရသည်။

ယင်းစာတမ်းကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMRef) ၏ အသက်မွေးဝမ်းကျောင်းနှင့် ကျား-မရေးရာ လုပ်ငန်းအစီအစဉ်အဖွဲ့က ၂၀၁၆ မှ ၂၀၁၇ ခုနှစ်အတွင်း ထုတ်လုပ်ခဲ့သော ရုပ်ရှင်ကားပေါင်း ၈၃ ကားကို ထုတ်နုတ်၍ သုတေသနပြုလုပ်ထားခြင်း ဖြစ်သည်။ ရုပ်ရှင်ဖန်တီးသူများ၏ ကျား-မရေးရာ(Gender) အပေါ် နားလည်သဘောပေါက်မှု၊ ရုပ်ရှင်ထဲတွင် ထည့်သွင်းအသုံးပြုမှုနှင့် အယူအဆ အတွေးအခေါ်အသစ်များကို ရုပ်ရှင်မှတစ်ဆင့် မိတ်ဆက်ပေးရာတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို နားလည်သိရှိရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင်ခေတ်ဦးပိုင်းရှိ ဇာတ်ကားများတွင် ဇာတ်ဆောင်အမျိုးသမီးတို့၏ အခန်းကဏ္ဍကို ဘာသာရေး၊ ယဉ်ကျေးမှုတို့က ပြဋ္ဌာန်းထားသည့်အတိုင်းသာ ပုံဖော်ထားသည်ကို တွေ့ရသည်ဟု စာတမ်းတွင်




ဖော်ပြထားသည်။ ဇာတ်ကား (၈၃) ကားအနက် (၃၆) ကားတွင် အမျိုးသား၊ အမျိုးသမီးတို့၏ အခန်းကဏ္ဍကိုဖော်ပြရန် ခွဲခြားပြောဆိုသော ဆိုရိုးစကား၊ စကားပုံများကို အသုံးပြုခဲ့ကြသည်။ ထို့ပြင် ရုပ်ရှင်ကားတချို့တွင် အမျိုးသားများသည် အမျိုးသမီးများထက် ဘုန်းတန်ခိုးကြီးသည်ဟူသော ယုံကြည်ချက်ကို ခိုင်မာအောင် သရုပ်ဖော်ထားသည်။ အလားတူပင် အမျိုးသားတစ်ယောက် ကလေးမရနိုင်သည့်အပေါ် လူ့အဖွဲ့အစည်း၏ ရှုမြင်မှုကို ရုပ်ရှင်များအတွင်း ထင်ဟပ်ပြသထားပြီး ထိုအမျိုးသားများအပေါ် ဝေဖန်မှုများနှင့် ပတ်ဝန်းကျင်၏ဖိအားပေးမှုများလည်း ပါဝင်နေသည်။ မြန်မာ့ရုပ်ရှင်အများစုတွင် လူမျိုးရေးခွဲခြားမှု၊ လိင်တူချစ်ကြိုက်မှုအပေါ် အဆိုးမြင်မှုနှင့် လိင်ခွဲခြားသည့် ပြက်လုံးများကို တွေ့မြင်နေရဆဲဖြစ်သည်ဟု သုတေသနစာတမ်းတွင် ဖော်ပြထားသည်။

ထိုရုပ်ရှင်များသည် အသိအမြင်ပြောင်းလဲအောင် ဖော်ညွှန်းပြခြင်းထက် ကျား-မရေးရာပုံစံခွက်သွင်း ဖော်ပြနေခြင်းသာဖြစ်ပြီး အတွေးအခေါ်အသစ်များ၊ နည်းပညာအသစ်များ ပေါက်ဖွားလာခြင်းမရှိဟု စာတမ်းကဆိုသည်။

မြန်မာရုပ်ရှင်များသည် အမျိုးသားကိုဖြစ်စေ၊ အမျိုးသမီးကိုဖြစ်စေ ယင်းတို့၏ ဂုဏ်သိက္ခာကို လေးစားသင့်ပြီး ကျင့်ဝတ်နှင့် ညီညွတ်သင့်ကြောင်း သုတေသနက အကြံပြုထားသည်။ ရုပ်ရှင်ရိုက်ကူးမှု၏အဆင့်တိုင်းတွင် ကျား-မရေးရာ ထည့်သွင်းစဉ်းစားမှုကို ထည့်သွင်းသင့်ပြီး အမျိုးသမီးများကို ပိုမိုအားသင့်ကြောင်း သုတေသနက ဆိုသည်။

ထို့ပြင် ကျား-မရေးရာ အသိအမြင်များကို ရုပ်ရှင်မှတစ်ဆင့် မြှင့်တင်ရာတွင် ဆင်ဆာက အလေးထား စဉ်းစားသော ယဉ်ကျေးမှုဟူသည့်အချက်မှာ နဂိုရှိရင်းစွဲရှေးရိုးအမြင်များကို တိုက်ဖျက်ရာတွင် အတားအဆီးဖြစ်နေသည်ဟု စာတမ်းက ထောက်ပြထားသည်။ အရိုးစွဲလာသော ကျား-မ အမြင်များကို တိုက်ဖျက်ရန်အတွက် မြန်မာရုပ်ရှင်လောကတစ်ခုတည်းတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ဆင်ဆာအဖွဲ့ကိုယ်နှိုက်က ကျား-မတန်းတူညီမျှရေးဆိုင်ရာအမြင်များကို မိတ်ဆက်ပေးမှုတွင် လက်ခံနိုင်ရန် လိုအပ်သည်ဟု သုတေသနစာတမ်းက ထည့်သွင်းအကြံပြုထားသည်။

**ရွှေလေး**